# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့ အစည်းအဝေး - ၃၀ ဇွန် ၂၀၂၂

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ။ ။ A Linn Mea Eain (Lamp Light), AAR Japan, Action Contrela Faim (ACF), ADRA Myanmar, AFXB Myanmar, American Refugee Committee@ALIGHT, arche noVa, CARE International in Myanmar, Community Partners International, DAI, DRC/DDG, Good Neighbors International (Myanmar), ICAP, Ipas, Jhpiego, JOICFP, KWEG, MA-UK, Mahamate(Alliance Myanmar), Michigan State University, MIMU, Monastic Education Development Group, Myanmar Red Cross Society, NRC, Peace Corps/Myanmar , Pyin Nyar Thar Hla, Rakhaing Women's Union, Samaritan's Purse, SARA, SWISSAID Myanmar, The Union, Trocaire, UNHCR, UNICEF, VNG International Myanmar, WaterAid Myanmar, Welthungerhilfe, Yangon Film School (38 agencies)

## 1 MIMU MapX Webmapping platform ၏ အခြေခံ သဘောတရား နှင့် အသုံးပြုခြင်း - ဦး သက်ဇော်ထွန်း, MIMU

MapX သည် ပထဝီဝင်ဆိုင်ရာ အချက်အလက် များကို ပုံဖော် နိုင်သည့် online open-source application တစ်ခုဖြစ်သည်။ MapX ၏ အားသာချက်များ နှင့် အလုပ်လုပ်ပုံ ကို အကြမ်းဖျဉ်း မိတ်ဆက်ပေးခဲ့သည်။ MapX တွင် ပြနိုင်သော အရာများမှာ ပထဝီဝင်ဆိုင်ရာ အချက်အလက် များ ကို vector နှင့် raster ပုံများ အဖြစ် ပါဝင်သလို ဆက်စပ်နေသည့် ကိန်းဂဏန်း အချက်အလက် များ အပြင် အားလုံး ကို ဆက်စပ်၍ ဇာတ်လမ်း တစ်ခု သဖွယ်ပြုလုပ်ထားသော story maps များ လည်း ပါဝင်သည်။ ထို့နောက် views နှင့် source layer ကွာခြားမှု နှင့် လုပ်ဆောင်နိုင်မှု ကို ရှင်းပြသည်။ Source layer ကို အခြေအနေ အရ download ဆွဲ နိုင်ရန် ခွင့်ပြုပေးနိုင်သည်။

Vector နှင့် Raster အချက်အလက် များ ၏ ကွာခြားချက် များ ကို လည်း ပြောကြားခဲ့သည်။

MapX တွင် အခြား programming ဘာသာစကား များ ဖြင့် လည်း custom code များ ထည့်၍ ရသည်။ ထို့အပြင် အခြား feature တစ်ခု မှာ ကောင်းမွန်သော အသုံးပြုသူ စီမံခန့်ခွဲမှု စနစ် ဖြစ်သည်။

MapX တွင် projects ဟူ၍ သီးခြား နေရာလေး များ လုပ်ပေးထားပြီး အဖွဲ့အစည်း လူပုဂ္ဂိုလ် များ အနေဖြင့် စိတ်ကြိုက် အချက်အလက် များ ကို စုဆောင်း ပုံဖော်နိုင်သည်။ MIMU မှ လည်း Project တစ်ခု ဖန်တီးထားသည်။ MIMU - Myanmar MapX Project သို့သွားရန် ဤနေရာမှ သွားပါ။ ပုံမှန် အသုံးပြုသူများ အနေဖြင့် ကြည့်ရှု အသုံးပြု နိုင်သော်လည်း download ဆွဲရန် အတွက် login ဝင်ရမည်။ Login ဝင်နည်း ကို လည်း အသေးစိတ် လက်တွေ့ပြရှင်းလင်း ခဲ့သည်။

ဆက်လက်၍ လက်တွေ့ပြသ ရာတွင် MIMU - Myanmar MapX Project တွင်ပါဝင်သော layer များ၊ ၄င်း တို့ကို အသုံးပြုပုံ၊ ရရှိသော source download ဆွဲခြင်း၊ အသေးစိတ် metadata ဖတ်ခြင်း နှင့် attribute table အစရှိသည် တို့ ပါဝင်သည်။ Toolbox menu မှ Theme Configuration ကို အသုံးပြု၍ မြေပုံ တစ်ခုလုံး၏ အရောင်များ ကို အသုံးပြုသူ စိတ်ကြိုက် ပြောင်းလဲနိုင်သည်။

ထို့နောက် အလွန် အသုံးဝင်သော tool panel ကို tool တစ်ခုခြင်း အလိုက် ရှင်းပြခဲ့သည်။

Download လုပ်နည်း ကို လည်း ဆက်လက်ပြသသည်။ ဤနေရာ တွင် သတိချပ်ရမည် မှာ state and region boundary စသည် တို့ကို download လုပ်ခွင့်မပေးထား သည်မှာ ပိုမိုကောင်းမွန်သော shape file များ ကို MIMU Geonode တွင် တင်ပေးထား သောကြောင့် ဖြစ်သည်။

Map Composer ကိုသုံး၍ စိတ်ကြိုက် မြေပုံများ ထုတ်နိုင်ပုံ ကိုလည်း လက်တွေ့ပြခဲ့သည်။

ဤ platform နှင့် ပတ်သက်၍ အခက်အခဲ ရှိသည်ဖြစ်စေ၊ သို့မဟုတ် အသေးစိတ် ထပ်မံ သိလိုပါက thet.zaw.tun@undp.org သို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## 2 မြန်မာနိုင်ငံ ညအချိန်ကို ၂၈နှစ်တာ ပြန်လှည့်ကြည့်ခြင်း (၁၉၉၂ - ၂၀၂၀) - ဦးဇော်ဝင်း, MIMU

ညအချိန် remote sensing ၏ သဘောတရား များ ကို ရှင်းပြရာတွင် နေ့ အချိန် နှင့် ညအချိန် ကွာခြားမှု၊ ဂြိုလ်တု များ ၏ sensing သဘောတရားများ၊ sensor များ၏ ကွာခြားပုံ၊ အထူးသဖြင့် နိုင်ငံတကာ အာကာသစခန်းမှ သာမန် DSLR camera များ နှင့် အခြား ဂြိုလ်တု sensor များ ၏ မတူညီသောအချက်များ အရည်အသွေး ကွာခြားမှု အစရှိသည် တို့ဖြင့် နိဒါန်း ပြောကြားခဲ့သည်။

ညဘက် တွင် အရည်အသွေး မြင့် ဂြိုလ်တုဓာတ်ပုံ များ ရရန် အတွက် အဓိက အားဖြင့် Defense Meteorological Satellite Program (DMSP) နှင့် Visible Infrared Imaging Radiometer Suite (VIIRS) ကို သုံးကြသည်။ ၄င်း တို့၏ လုပ်ဆောင်ချက်များနှင့် ကွာခြားချက်များကို မိတ်ဆက်ရှင်းပြခဲ့ပြီး MIMU ကလည်း ထို ဂြိုလ်တု များမှ ပုံရိပ်များ ကို အသုံးပြုခဲ့ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ် မှ DMSP ဂြိုလ်တု နှင့် ၂၀၁၉ မှ VIIRS ဂြိုလ်တု များမှ ပုံများ ကို ရန်ကုန် နှင့် ဘန်ကောက်မြို့ တို့ကို အခြေခံ၍ အရည်အသွေး resolution ကွာခြားချက် ကို ပြသခဲ့သည်။

ထို အချက်အလက် များ ကို အသုံးပြု စုစည်းကာ ၁၉၉၂ မှ ၂၀၂၀ အထိ မြန်မာနိုင်ငံ ၏ ပြောင်းလဲသော ညမြင်ကွင်း ဂြိုလ်တု ဓာတ်ပုံများ ကို MIMU က video တစ်ခု ဖန်တီးခဲ့ပါသည်။ Video အပြင် အခြား သက်ဆိုင်သော စာရွက်စာတမ်း အချက်အလက်များ ကို MIMU Nightlights page တွင် ကြည့်နိုင်ပါသည်။

ဂြိုလ်တု ဓာတ်ပုံများ ကို သုံး၍ မြေပြင်အခြေအနေ များ ကို ယေဘုယျ ခန့်မှန်းနိုင်မှု ကို ဆက်လက်ဆွေးနွေးခဲ့သည်။ လျှပ်စစ်မီးတိုးတက်ရရှိမှုအခြေအနေများကို အကြမ်းဖြင်း ခန့်မှန်း အတည်ပြုရန် အစရှိသည် တို့တွင် လည်းသုံးနိုင်သည်။ သို့သော် resolution ကန့်သတ်ချက် ကြောင့် ကျေးရွာ အဆင့်ထိ ရောက်ရန်တော့ အခက်အခဲရှိသည်။

## 3 MIMU 3W - ဒေါ်အိအိသိန်း, MIMU

MIMU 3W သည် 3W ဟုခေါ်သော်လည်း အမှန်မှာ 5W ဖြစ်သည်။ who what where when whom ဟူသော မေးခွန်း ၅ ခု ပေါ်အခြေခံ၍ မြန်မာနိုင်ငံ တွင် လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေး လုပ်ဆောင်နေသော အေဂျင်စီ များ ၏ လုပ်ငန်းများ အကြောင်းကို စုဆောင်း ကောက်ခံထားသော အချက်အလက်စု နှင့် ထုတ်ကုန်များ ဖြစ်သည်။

| | |
|---|---|
| | ကောက်ခံထားသော အချက်အလက် များ ကို သုံးကာ ထုတ်ကုန် ၄ မျိုးလုံးကို ဇူလိုင်လအတွင်း ထွက်ရန်ရှိပြီး MIMU 3W page တွင် တင်ထားသည်။ ၁) 3W အချက်အလက် အကြမ်းများ ၂) 3W မြေပုံ ၃) 3W သုံးသပ်အစီရင်ခံစာများ ၄) 3W dashboards။ ၄င်း တို့ကို ဇူလိုင်လ အတွင်း တစ်ပတ်လျှင် တစ်မျိုးစီ ထုတ်နိုင်ရန် စီစဉ်ထားသည်။<br><br>**အချက်အလက် အကြမ်း များ** ကို အကန့်အသတ်ဖြင့်သာ ဖြန့်ဝေမျှမည်ဖြစ်ပြီး မိတ်ဖက် အဖွဲ့အစည်း များတောင်းဆိုလာမှသာ ပေးပါမည်။ ၄င်း အချက်အလက် များ သည် အသေးစိတ် ထပ်မံသုံးသပ်လိုသူများ အတွက် အလွန်အသုံးဝင်ပါသည်။<br><br>**မြေပုံ များ** တွင် တိုင်းဒေသကြီး ပြည်နယ်၊ မြို့နယ် အဆင့်၊ ကျေးရွာအုပ်စုအဆင့် ဟူ၍  အဆင့်လိုက် ပါဝင်သည်။ ရခိုင်၊ ကချင် နှင့် ရှမ်း တို့အတွက် စီမံကိန်းအသားပေး သီးသန့်မြေပုံများ ထွက်သည်။ မြေပုံများ ကိုအေဂျင်စီ အမျိုးအစား အလိုက် နှင့် ကဏ္ဍအလိုက် ပေါ်မူတည်၍ ပြုလုပ်ထားသည်။ ကဏ္ဍကြီး ၂၂ ခု ရှိပြီး ကဏ္ဍငယ်များ လည်း ထပ်ခွဲထားသည်။ ( ဤနေရာ တွင် အေဂျင်စီများ ကို အမျိုးအစား သတ်မှတ်ရာတွင် MIMU မှ ဆုံးဖြတ်ခြင်း မဟုတ်ပဲ ၄င်းတို့ ဖြည့်သွင်းလာသော အချက်အလက် အတိုင်း သာ ထားခြင်း ဖြစ်သည် )<br><br>Dashboard အနေဖြင့် ကျေးရွာအဆင့် နှင့် မြို့နယ် အဆင့် ဟူ၍ ၂ခု ထွက်ပါမည်။<br><br>3W **သုံးသပ်အစီရင်ခံစာများ** တွင် တစ်နိုင်ငံ လုံး အတိုင်းအတာ အတွက်တစ်ခု၊ ရခိုင်ပြည်နယ် ကချင်ပြည်နယ် နှင့် အရှေ့တောင်ပိုင်းဒေသများ အတွက် အစီရင်ခံစာ နှင့် တစ်မျက်နှာ အကျဉ်းချုံးတစ်ခုစီ၊ ရှမ်း ပြည်နယ် အတွက် တစ်မျက်နှာ အကျဉ်းချုံးတစ်ခု ထွက်ပါမည်။<br><br>3W တွင် ပါဝင် ရန် နှင့် အချက်အလက် ဖြည့်သွင်းရန် guidelines များ ကိုလည်း MIMU 3W စာမျက်နှာ တွင် တွေ့နိုင်ပါသည်။<br><br>3W ကို hard to reach areas သွားလာရန် ခက်ခဲသော နေရာဒေသများ နှင့် ဆက်စပ်လုပ်ဆောင်ရန်အကြံပေး ဆွေးနွေးမှုရှိခဲ့သည်။ |
| 4 | ## အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ |

<table>
<tr><td></td><td>
Rakhaing Women's Union - ရခိုင်ပြည်နယ် အတွင်း စစ်ဘေးရှောင် ကိစ္စ၊ Livelihoods၊ မျိုးဆက်ပွါးကျန်းမာရေး၊ Gender Based Violence (GBV) ဆိုင်ရာ လုပ်ဆောင်မှု များ ကို အဓိက target area များဖြစ်သော ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော အစရှိသည် တို့တွင် ပြုလုပ်နေသည့် အပြင် training လေ့ကျင့်ပေးနေမှု များလည်းရှိသည်။ COVID-19 နှင့် ပတ်သက်သော ကာကွယ်ရေး ပစ္စည်းများ နှင့် ပညာပေး ပို့စတာများ ဖြန့်ဝေခြင်း စသည်တို့ကို လည်း လုပ်ဆောင်နေသည်။<br>
UNHCR - ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အတွက် Round 11 Camp Profile Dashboards များ ထွက်ရန် ပြင်ဆင်နေပါသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်း အတွက် သုံးလပတ် Camp Profile dashboard နှင့် report များထွက်ရန် အချက်အလက် ကောက်ခံမှု များ လုပ်ဆောင်နေပါသည်။<br>
UNICEF - Nutrition sector အတွက် မေလ မှစ၍ Nutrition Information System အတွက် အစီရင်ခံစာ များ နှင့် အခြား လိုအပ်သည့် အချက်အလက် များ ပြင်ဆင်နေသည်။ ထို့အပြင် Nutrition အတွက် dashboard များ လည်း ပြုလုပ်ပြင်ဆင်နေသည်။ WASH သုံးလပတ် 4W အတွက် အချက်အလက် ကောက်ခံနေသည်။ WASH cluster website တွင် Power BI ဖြင့် 4W dashboard များ၊ Gap analysis နှင့် contact list ကို ပြုလုပ်ထားရှိသည်။ အဆိုပါ contact list တွင်ပါဝင်ရန် google form ကို သုံးထားသည်။<br>
MIMU - ဇူလိုင်လ အတွင်း တွင် 3W products များ အပြင် Disability Analytical Brief ထွက်ပါမည်။ Capacity building အနေဖြင့် (Basic) Data Analysis Training ကို လည်း များမကြာမီ စတင်ပါမည်။
</td></tr>
<tr><td>5</td><td>
<h2>အခြားဆွေးနွေးမှုများ</h2>
နောက် အစည်းအဝေး ကို ဇူလိုင်လ ၂၈ ရက် နေ့တွင် ပြုလုပ်မည် ဖြစ်သည်။ အဆိုပါ အစည်းအဝေး တွင် MIMU မှ MIMU Pcodes အကြောင်း ကို တင်ပြရန် ရာထားပါသည်။ အေဂျင်စီများ အနေဖြင့်လည်း IM Network တွင် အသုံးဝင် အကျိုးရှိနိုင်သော presentation များ ပြုလုပ်ပေးပါရန် ဖိတ်ခေါ်လိုပါသည်။ ပြုလုပ် လိုပါက ဒေါ်အိအိသိန်း ထံသို့ ဆက်သွယ်ပေးပါ ei.ei.thein@undp.org<br>
အဖွဲ့ဝင်များ အကြား Information Management နှင့် data visualization, dashboards များ ပြုလုပ်ခြင်း စသည် တို့ကို capacity building ပြုလုပ်ပေးပါရန် စိတ်ဝင်စားဆွေးနွေးခဲ့ကြသည်။ အဖွဲ့ဝင်များ အကြား အချက်အလက် မျှဝေမှု ၏ အရေးကြီးပုံကို လည်း ထပ်လောင်းဆွေးနွေးခဲ့သည်။
</td></tr>
</table>

| | Participant | Agency / Organization | Position |
|---|---|---|---|
| 1 | Myo Minsoe | DRC/DDG | IM specialist |
| 2 | Dr Tin Maung Chit | JOICFP | Senior Project Officer |
| 3 | Than Htet Soe | Monastic Education Development Group | Monitoring and Evaluation Manager |
| 4 | Diana | VNG International Myanmar | Logistics & Admin Associate |
| 5 | Cho Yamin Thant | MA-UK | MEAL Officer |
| 6 | Zaw Linn Htet | American Refugee Committee | Technical and M&E Coordinator |
| 7 | Nilar Aung | Michigan State University | Senior Research Specialist |
| 8 | Precious Thein | arche noVa | Project Assistant |
| 9 | Phyo Min Swe | Good Neighbors International (Myanmar) | Operations Manager |
| 10 | Chan Nyein Moe | A Linn Mee Eain (Lamp Light) | Leader |
| 11 | Mee Mee Thaw | UNICEF | Information Management Officer |
| 12 | Chaw Pyae Sone Aung | DAI | MEL officer |
| 13 | Saw Ni Ni Aye | Rakhaing Women's Union | secretary |
| 14 | Kyaw Zin Latt | CARE International in Myanmar | Emergency Preparedness and Humanitarian Response Coordinator |
| 15 | Kaung Htet Thu | Welthungerhilfe | Programme Advisor |
| 16 | Nang Noan Vo | Peace Corps/Myanmar | Regional Program Manager |
| 17 | Saw Nay Chi Tun | NRC | M&E Officer |
| 18 | Dr. Min Oo | Mahamate(Alliance Myanmar) | M&E Manager |
| 19 | Thura Kyaw | Jhpiego | Senior KM, Learning and Documentation Manager |
| 20 | Thiri Win | AFXB Myanmar | Data Supervisor |
| 21 | Saw Ni Ni Aye | Rakhaing Women's Union | Secretary |
| 22 | Hnin Sabe Win | SWISSAID Myanmar | M&E Assistant |
| 23 | Phyo Hlaing Bwa | Pyin Nyar Thar Hla | Director |
| 24 | Myo Min Thein | American Refugee Committee@ALIGHT | Data Quality Assurance Officer |
| 25 | Saw Win Htain | AAR Japan | Project Officer |

| | | | |
|---|---|---|---|
| 26 | Khin Marlar Tun | ICAP | TD |
| 27 | Khin Marlar Tun | ICAP | TD |
| 28 | Sa Phyo Min Htay | KWEG | Asst: M&E Officer |
| 29 | Dr. Zayar Phyo Aung | Community Partners International | Senior Monitoring and Evaluation Manager |
| 30 | Cho Mar Win | Yangon Film School | Project coordinator |
| 31 | Tinleilei Aung | Ipas | Senior Research and Evaluation Advisor |
| 32 | Yin Yin Nwe | SARA | M&E Officer |
| 33 | Khin Wai Wai Htun | Community Partners International | Program Manager (M&E) |
| 34 | Kyaw Zin Htike | UNHCR (Myitkyina) | Information Management Associate |
| 35 | Aye Aye Myint | WaterAid Myanmar | M&E Officer |
| 36 | Su Wai Htet | UNHCR | Senior Data Management Assistant (GIS) |
| 37 | Paing Soe Linn | Action Contrela Faim (ACF) | MEAL Manager |
| 38 | May Myo Chit | Trocaire | Government Liaison Coordinator |
| 39 | Sa Myo Aye | ADRA Myanmar | Admin & Liaison Coordinator/Project Manager |
| 40 | Thwe Thwe Tun | Samaritan's Purse | M&E Manager |
| 41 | Yu Yu Mon | Myanmar Red Cross Society | IM Coordinator |
| 42 | Chan Nyein Moe | A Linn Mea Eain (Lamp Light) | Leadet |
| 43 | Pe Thet Naing | Myanmar Red Cross Society | IM Officer |
| 44 | Kaung Myat Wai Yan | The Union | MEAL Officer (HIV Prevention) |
| 45 | Saw Win Htain | AAR Japan | Project Officer |
| 46 | Su Wai Htet | UNHCR | Senior Data Management Assistant (GIS) |
| 47 | Ei Ei Thein | MIMU | Data Manager |
| 48 | Khin Thandar Tun | MIMU | GIS Associate |
| 49 | Thet Zaw Tun | MIMU | GIS Assistant |
| 50 | Zaw Win | MIMU | GIS Analyst |
| 51 | Moe Thinzar Hline | MIMU | Data Analyst |
| 52 | Naing Lin Kyaw | MIMU | PR, Design and Reporting Officer |